ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

5.4.2023

Date -05/04/23

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၃) ဦး	စုံစမ်းဆဲ

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

မွန်ပြည်နယ်

- ဧပြီလ(၅)ရက်နေ့၊မနက်(၆:၄၅)နာရီခန့်တွင် ကျိုက်ထိုမြို့နယ်၊ ရန်ကုန်-မော်လမြိုင် အဝေးပြေး လမ်းပိုင်း၌ ခမရ ၂(ကျိုက်ထို/တမခ၄၄)တွင် တာဝန်ထမ်းဆောင်နေသော တပ်ကြပ်ကြီး ကျော်ဆန်းကို KRFအဖွဲ့ နှင့် KNU/KNLA တို့က ပူးပေါင်းပစ်ခတ်တိုက်ခိုက်ခဲ့ရာ ပွဲချင်းပြီးသေဆုံး၍ လက်ထိပ်၊ လက်ပစ်ဗုံး၊ ဆိုင်ကယ်နှင့်ဖုန်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။
- ဧပြီလ(၄)ရက်နေ့၊ည(၈)နာရီခန့်တွင် ရေးမြို့နယ်၊ အာယုတောင်ရွာနှင့် တောင်စွန်းရွာ ကြားရှိ ရန်သူ့ကင်းပုန်းစခန်းတစ်ခုကို ရေးဘီလူးအဖွဲ့က သွားရောက် တိုက်ခိုက်ခဲ့ရာ ကင်းပုန်းဝပ် နေသည့် ရန်သူ့တပ်သား (၂)ဦးသေဆုံးခဲ့ပြီး ပြည်သူ့စစ်(၁)ဦးကို ဖမ်းမိခဲ့သည်။ အဖမ်းဆီးခံ ရသူသည် အာယုတောင်ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးအသွင်ယူထားသော ပျူစောထီးခေါင်းဆောင် ဖြစ်ပြီး တစ်လလျှင် ငွေကျပ် (၅၀၀၀၀)ကျပ်ဖြင့် ရန်သူ့တပ်အတွက် အလုပ်ပေးပေးနေသည်ဟု ဝန်ခံထွက်ဆိုထားကြောင်း သိရသည်။

အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

ကချင်ပြည်နယ်

ဧပြီလ(၅)ရက်နေ့တွင် မိုးကောင်းမြို့နယ်၊ နန်းခွင်ကျေးရွာ ဦးခွမ်စိန်၏ သား ဝင်းမင်းထွေး (ခ) အားတီတီ (၂၁) နှစ်ကို Facebook ပေါ်တွင် PDF ဝတ်စုံဖြင့် ရိုက်တင်ထားသည်ဟု ရန်သူ့တပ်က ဖမ်းဆီးသွားပြီးနောက် သတ်လိုက်သည်ဟု ခမရ ၅၂၁(မပခ/ပင်းဘော) တပ်မှ လာရောက် ပြောသွားကြောင်း သိရသည်။